ပြည်ထောင်စုလွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

# ထိုင်းနိုင်ငံရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ


## အကျဉ်းချုပ်

၁၉၃၉ ခုနှစ် တိုင်အောင် “Siam” (လွတ်လပ်သောနိုင်ငံ) ဟု ခေါ်ဆိုခဲ့သော ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် တည်ရှိပါသည်။ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယား၊ မလေးရှားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၁၉၈၀၀၀ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ လူဦးရေ ၆၈ သန်းခန့်ရှိပြီး ၉၈% မှာ ထိုင်းလူမျိုးများ ဖြစ်ကြသည်။

ထိုင်းနိုင်ငံ၏ လက်ရှိနိုင်ငံရေးစနစ်သည် စည်းမျဉ်းခံဘုရင်စနစ်ဖြစ်သည်။ ဘုရင်သည် နိုင်ငံတော်၏ အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ကို ဦးဆောင်၍ နိုင်ငံတော်ကို တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဟူသော ခက်မသုံးဖြာဖြင့် အုပ်ချုပ်ပါသည်။

ထိုင်းနိုင်ငံ၌ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ရာ ပါတီပေါင်း ၁၀၆ ပါတီမှ ကိုယ်စားလှယ်လောင်း ၁၄၀၀၀ ဦးသည် အောက်လွှတ်တော်ကိုယ်စားလှယ် နေရာ ၅၀၀ အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ထိုင်းလွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးချုပ်ကို အထက်လွှတ်တော်ကိုယ်စားလှယ် ၂၅၀ ဦး၊ အောက်လွှတ်တော်ကိုယ်စားလှယ် ၅၀၀ ဦး တို့၏ ဆန္ဒမဲအရရွေးချယ်ခဲ့ပါသည်။ ရွေးကောက်ခံ ဝန်ကြီးချုပ်လောင်းနှစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာနှင့် နိုင်းထနားထွဏ်းကျင်ရုန်ရိုန်းကစ်တို့အား လွှတ်တော်ကိုယ်စားလှယ် တစ်ဦး ချင်းစီ၏ သဘောထားနှင့် ဆန္ဒမဲပေးရာတွင် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ရွေးချယ်ခံခဲ့ရပါသည်။


သုတေသနစာတမ်းတိုအမှတ် (၇၁)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | နိဒါန်း | ၁ |
| ၁ | ထိုင်းနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ နောက်ခံအကြောင်းအရာများ | ၁ |
| ၂ | ထိုင်းနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေ | ၂ |
| ၃ | ထိုင်းနိုင်ငံ၏ ၂၀၁၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၃ |
| ၄ | ထိုင်းနိုင်ငံ၏ ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲ | ၈ |
| ၅ | ထိုင်းနိုင်ငံဘုရင်၊ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌများ၏ ကိုယ်ရေးအကျဉ်း | ၁၂ |
| - | နိဂုံး | ၁၅ |

# ထိုင်းနိုင်ငံရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

## နိဒါန်း

၁။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ အချက်အချာကျသောနေရာတွင်တည်ရှိပြီး လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယား၊ မလေးရှားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ထိုင်းနိုင်ငံ၏ ပင်လယ်ရေပိုင်နက်သည် အရှေ့တောင်ဘက် ထိုင်းရေလက်ကြား အတွင်း၌ ဗီယက်နမ်ရေပိုင်နက်နှင့် ထိစပ်လျက်ရှိပြီး အနောက်တောင်ဘက် ကပ္ပလီပင်လယ်တွင် အင်ဒိုနီးရှားနှင့် အိန္ဒိယတို့၏ ရေပိုင်နက်နှင့် ထိစပ်လျက်ရှိသည်။ ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ဧရိယာအားဖြင့် ၅၁ နိုင်ငံမြောက် အကြီးဆုံးနိုင်ငံဖြစ်ပြီး ဧရိယာအကျယ်အဝန်းမှာ ၅၁၃,၀၀၀ စတုရန်းကီလိုမီတာ (၁၉၈,၀၀၀ စတုရန်းမိုင်) ခန့်ကျယ်ဝန်းပါသည်။[1]

၂။ လူဦးရေ ၆၈ သန်းရှိပြီး ကမ္ဘာပေါ်တွင် ၂၃ နိုင်ငံမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ လူဦးရေ၏ ၉၈ ရာခိုင်နှုန်းမှာ ထိုင်းလူမျိုးများဖြစ်ကြပြီး၊ ၉၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ထိုင်းနိုင်ငံ၏ တရားဝင်ရုံးသုံးဘာသာစကားမှာ ထိုင်းဘာသာစကား ဖြစ်သည်။ ဘုရင်ကို နိုင်ငံတော်၏ အကြီးအကဲ၊ စစ်တပ်၏ အကြီးအကဲ၊ ဗုဒ္ဓဘာသာကို မြှင့်တင် စောင့်ရှောက်သူ အဖြစ်မှတ်ယူကြသည်။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှရှိ နိုင်ငံများအနက် ဥရောပအင်အားကြီး နိုင်ငံတို့၏ ကိုလိုနီနယ်ချဲ့မှုလက်အောက်သို့ မကျရောက်ခဲ့သည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းတွင် ထိုင်းနိုင်ငံသည် ဂျပန်ဘုရင့်တပ်မတော်၏ ကျူးကျော်ဝင်ရောက်ခြင်း ခံခဲ့ရသည်။[2]

## အခန်း (၁)
## ထိုင်းနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ နောက်ခံအကြောင်းအရာများ

၃။ ၁၉၃၂ ခုနှစ်တွင် ထိုင်းတပ်မတော်က အကြွင်းမဲ့ဖက် အာဏာသိမ်းမှုအပြီးနောက် ပထမဦး ဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ ၁၉၃၉ ခုနှစ်တိုင်အောင် ခေါ်ဆိုခဲ့သော နိုင်ငံ အမည် ဆီယမ်း (Siam) ကို ထိုင်းလန်း (Thailand) အဖြစ် ပြောင်းလဲခေါ်တွင်စေခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက် လွှတ်တော်ကိုလည်း စတင်ခေါ်ယူခဲ့ ပါသည်။

---

[1] Spain Exchange Country Guide, A Short History of Thailand, available from; https://www.studycountry.com, [viewed 9-7-2019]

[2] Central Intelligence Agency, East Asia/ Southeast Asia: Thailand, available from; https://www.cia.gov

၄။ ၁၉၉၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအစည်းအဝေးမှ “ လူထု ဖွဲ့စည်းပုံအခြေခံဥပဒေ” ပေါ်ပေါက်ခဲ့သည်။ အဆိုပါ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်စားလှယ် ၅၀၀ ပါဝင်သည့် အောက်လွှတ်တော်[3]နှင့် ကိုယ်စားလှယ် ၂၀၀ ပါဝင်သည့် အထက်လွှတ်တော်[4] တို့ဖြင့် လွှတ်တော်နှစ်ရပ်ပါဝင်သည့် ဥပဒေပြုလွှတ်တော်ကို စတင်ခဲ့ပါသည်။

၅။ ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ထိုင်းတပ်မတော်သည် နိုင်ငံ၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းရန် အမျိုးသားငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေးကောင်စီ (National Council for Peace and Order – NCPO) ကို ဖွဲ့စည်းပြီး စစ်အုပ်ချုပ်ရေးအာဏာလွှဲပြောင်းရယူသည်ဟု ထိုင်းတပ်မတော် ကာကွယ်ရေးစစ်ဦးစီးချုပ် ဗိုလ်ချုပ်ပရာယွတ်ချန်အိုချာက ကြေညာခဲ့သည်။[5]

## အခန်း (၂)
## ထိုင်းနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေ

၆။ ထိုင်းလူမျိုးတို့၏ စိတ်တွင်လွှမ်းမိုးသော အရေးကြီးသည့်အချက် (၄) ချက်မှာ ထိုင်းဘုရင်မင်းမြတ်၊ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှု၊ နိုင်ငံတော်နှင့် ဒီမိုကရေစီတို့ဖြစ်သည်။ ထိုင်းဘုရင်မင်းမြတ်သည် အမျိုးသားစည်းလုံးရေးညီညွတ်မှု၏ လက္ခဏာရပ်ဖြစ်သည်။ ထိုင်းနိုင်ငံ၏ လက်ရှိ နိုင်ငံရေးစနစ်သည် စည်းမျဉ်းခံဘုရင်စနစ်ဖြစ်သည်။

၇။ ထိုင်းနိုင်ငံသည် အခြားသော ဒီမိုကရေစီနိုင်ငံများနည်းတူ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြား ကျင့်သုံးပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းသည်။ ဘုရင်နှင့် ဝန်ကြီးချုပ်တို့သည် အုပ်ချုပ်ရေး အပိုင်းကို စီရင်ဆုံးဖြတ်သည်။[6]

၈။ တရားစီရင်ရေးအဖွဲ့ဝင် တရားသူကြီးများကို ဘုရင်က ရွေးချယ်ခန့်အပ်သည်။ ထိုင်းနိုင်ငံရှိ တရားရုံးများသည် ထိုင်းတရားရေးဝန်ကြီးဌာန၏ လက်အောက်တွင်ရှိပါသည်။ ထိုင်းနိုင်ငံတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးရှိသည်။ တရားသူကြီး (၃) ဦးစီ ပါဝင်သည့် ခရိုင်အယူခံတရားရုံးများကိုလည်း ဖွဲ့စည်းထားပါသည်။[7]

---

[3] Section 98 of the Thailand Constitution, 1997

[4] Section 121 of the Thailand Constitution, 1997

[5] Human Rights Watch, Thailand: Deepening Repression One Year after Coup, available from: https://www.refworld.org

[6] The Government and Political System in Thailand, available from: https://www.studycountry. com/ guide/TH-government.htm [viewed 4-6-2019]

[7] The Government and Political System in Thailand, available from: https://www.studycountry. com/guide/ TH-government.htm [viewed 4-6-2019]

၉။ ထိုင်းအစိုးရသည် အာရှ- ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asia–Pacific Economic Cooperation– APEC)၊ အရှေ့တောင်အာရှနိုင်ငံများအသင်း ( Association of Southeast Asian Nations– ASEAN)၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့အစည်း (International Maritime Organization– IMO)၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (United Nations Educational Scientific and Cultural Organization– UNESCO)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization– WHO)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund– IMF)၊ ကုလသမဂ္ဂ (United Nations– UN)၊ အာဆီယံပါလီမန်များ ညီလာခံ( ASEAN Inter–Parliamentary Assembly – AIPA)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter Parliamentary Union– IPU) စသည့် နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လျက်ရှိသည်။[8]

**လွှတ်တော်ဖွဲ့စည်းမှု (၂၀၁၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ)**

၁၀။ ထိုင်းဥပဒေပြုလွှတ်တော် (National Assembly) ကို အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives) ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။[9]

၁၁။ အထက်လွှတ်တော်ကို ကိုယ်စားလှယ် ၂၅၀ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းမှာ ၅ နှစ် ဖြစ်ပါသည်။ လွှတ်တော်သက်တမ်းသည် ရွေးကောက်ပွဲရလဒ်ကြေညာသည့်နေ့မှ စတင်သည်။[10]

၁၂။ အောက်လွှတ်တော်ကို ကိုယ်စားလှယ် ၅၀၀ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းမှာ ၄ နှစ် ဖြစ်ပါသည်။ လွှတ်တော်သက်တမ်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့မှ စတင်သည်။[11] အောက်လွှတ်တော် ဥက္ကဋ္ဌသည် ထိုင်းဥပဒေပြုလွှတ်တော်၏ နာယကဖြစ်ပြီး၊ အထက်လွှတ်တော် ဥက္ကဋ္ဌသည် ဒုတိယနာယက ဖြစ်ပါသည်။[12]

## အခန်း (၃)
## ထိုင်းနိုင်ငံ၏ ၂၀၁၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၃။ ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၃၂ ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ်အထိပြင်ဆင်မှု (၂၀) ကြိမ် ရှိခဲ့ပါသည်။[13] တပ်မတော်ဘက်မှ ပြင်ဆင်ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ဘုရင် မဟာဗာဂျီရာလောင်ကွန်းက လက်မှတ်ရေးထိုးခဲ့ပါသည်။[14]

---

[8] The Government and Political System in Thailand, available from: https://www.studycountry. com/guide/ TH–government.htm [viewed 4–6–2019]

[9] Section 79, Thailand’s Constitution of 2017, available from; https://www.constitutionproject.org

[10] Section 109, Thailand’s Constitution of 2017, available from; https://www.constitutionproject.org

[11] Section 99, Thailand’s Constitution of 2017, available from; https://www.constitutionproject.org

[12] Section 80, Thailand’s Constitution of 2017, available from; https://www.constitutionproject.org

[13] Pithaya Pookaman, Thailand Junta’s Constitutional Masterpiece, Centre Tricontinental– CETRI, available from; https://www.cetri.be [viewed 12–7–2019]

၁၄။ ၂၀၁၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်း အချို့ပါဝင်ပါသည်။ ထိုင်းနိုင်ငံ၏ ၂၀၁၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၁၆) ခန်း ပါရှိပြီး ပုဒ်မပေါင်း ၂၇၉ ခု ရှိပါသည်။ ၎င်းဥပဒေတွင် အထွေထွေပြဋ္ဌာန်းချက်များ၊ ဘုရင်၊ ထိုင်းပြည်သူတို့၏ လွတ်လပ်မှုနှင့် အခွင့်အရေးများ၊ ထိုင်းပြည်သူတို့၏ တာဝန်များ၊ နိုင်ငံတော်၏ တာဝန်များ၊ နိုင်ငံတော်၏ မူဝါဒများ၊ ဥပဒေပြုလွှတ်တော်၊ ဝန်ကြီးများကောင်စီ၊ အကျိုးစီးပွားဝိရောဓိဖြစ်ခြင်း၊ တရားရုံးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ သီးခြားလွတ်လပ်၍ အမှီအခိုကင်းသော အဖွဲ့အစည်းများ၊ ရှေ့နေချုပ်ရုံး၊ ဒေသတွင်း စီမံအုပ်ချုပ်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဖော်ပြထားပါသည်။ ထို့အပြင် ကူးပြောင်းချိန် ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။[15]

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၃ အရ ဘုရင်စနစ်နှင့် ဘုရင်အရိုက်အရာကို နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ ပုဒ်မ ၅၄ အရ ကလေးသူငယ်တိုင်း အရည်အသွေးမြင့် ပညာရေးကို အသက် ၁၂ နှစ်အထိ အခမဲ့ (မသင်မနေရ) သင်ယူခွင့်ရှိပါသည်။ ပုဒ်မ ၅၈ မှ ၆၃ အထိ တွင် နိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေးအပေါ် သက်ရောက်မှု၊ ပြည်သူအရေး ကြားနာမှု၊ သတင်းအချက်အလက် ပွင့်လင်း မြင်သာစွာ ဆောင်ရွက်မှု၊ ဆက်သွယ်ရေး ဂြိုလ်တုမှတစ်ဆင့် ဂြိုလ်တုစလောင်းဖြင့် TV Channel များ ကြည့်ရှုသုံးစွဲခွင့်၊ စားသုံးသူအခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်၊ ငွေကြေးနှင့် ဘတ်ဂျက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ထိန်းသိမ်း စောင့်ရှောက်ရန်၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိက ကဏ္ဍတွင် မရိုးသားမှုနှင့် မှားယွင်းစွာ စီမံခန့်ခွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ပြည်သူလူထုအား မျှဝေအသိပညာပေးခြင်းစသည့် တာဝန် ဝတ္တရားများကို ပြဋ္ဌာန်းထားပါသည်။

၁၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၅ အရ နိုင်ငံတော်၏ အမျိုးသားဆိုင်ရာ မဟာဗျူဟာကို Sustainable Development Goals– SDG နှင့်အညီ ပြဋ္ဌာန်းရပါမည်။ ၂၀၁၈–၂၀၃၁ ခုနှစ်အထိ မဟာဗျူဟာ (၆) ရပ် ချမှတ်ထားပါသည်။ ပန်းတိုင် (၆) ခု၊ အညွှန်းကိန်းဖော်ပြမှု ၆ အုပ်စု သတ်မှတ် ထားပါသည်။ နိုင်ငံရေးရာ မငြိမ်သက်မှု၊ စိန်ခေါ်မှုများကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ် ခြင်း၊ လူမှုရေးညီညွတ်မျှတအောင် ဆောင်ရွက်ခြင်း၊ ဒီမိုကရေစီစနစ်ကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း (Consolidated Democracy) များဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရပါမည်။ ဒီမိုကရေစီစနစ်ကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းဆိုသည်မှာ ရွေးကောက်ခံ မဟုတ်သော

[14] Thailand’s Constitution of 2017, available from; https://www.constitutionproject.org

[15] Thailand’s Constitution of 2017, available from; https://www.constitutionproject.org

အထက်လွှတ်တော်၏ အခန်းကဏ္ဍ၊ ရွေးကောက်ခံ နိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍ၊ ပြည်သူ့ရေးရာ မူဝါဒ (အမျိုးသားမဟာဗျူဟာ စီမံကိန်းနှင့် ပြုပြင်ပြောင်းလဲမှု) ပြည်သူ့ရေးရာ မူဝါဒခိုင်မာမှု၊ တရားရုံးချုပ်စသည့် လွတ်လပ်သည့် အဖွဲ့အစည်းများ ခိုင်မာအားကောင်းနေခြင်းကို ခေါ်ပါသည်။

၁၇။ ပုဒ်မ ၆၇ အရ ဗုဒ္ဓဘာသာနှင့် အခြားဘာသာများအား ကူညီစောင့်ရှောက် ကာကွယ်ရပါမည်။ ပုဒ်မ ၆၈ အရ စွမ်းဆောင်ရည် ထက်မြက်စေရန်နှင့် မမျှတမှု၊ ခွဲခြားမှုများ မရှိစေရန်အတွက် တရားရေးလုပ်ငန်းစဉ် စီမံခန့်ခွဲမှုစနစ်ကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်ရပါမည်။ ပုဒ်မ ၆၉ အရ သိပ္ပံနည်းပညာနှင့် အနုပညာဆိုင်ရာ နယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်ရန် သုတေသနဆိုင်ရာကို အားပေးရပါမည်။ ပုဒ်မ ၇၀ အရ တိုင်းရင်းသားမျိုးနွယ်စုကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရပါမည်။ ပုဒ်မ ၇၆ အရ ဗဟို၊ ခရိုင်၊ ဒေသဆိုင်ရာအဆင့် အုပ်ချုပ်မှုစနစ်များသည် ကောင်းမွန်သော ပြည်သူ့ရေးရာ အုပ်ချုပ်မှုစနစ် များနှင့် လိုက်လျောညီထွေဖြစ်ရပါမည်။

၁၈။ ၂၀၁၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၇ အရ ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အကြံဉာဏ်ရယူပြီး ခွဲခြမ်းစိတ်ဖြာ စိစစ်သော လုပ်ငန်းစဉ်များ ပါရှိပါသည်။ နိုင်ငံတော်သည် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးခြင်းနှင့် ပြည်သူတို့၏ အသက်အိုးအိမ်နှင့် လုံခြုံမှုကို အတားအဆီးဖြစ်စေသော သို့မဟုတ် ခေတ်နှင့် မလျော်ညီသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်ရပါမည်။ ထို့ပြင် အစိုးရသည် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ပြည်သူများတန်းတူညီမျှ အခွင့်အရေးရရှိစေရန်နှင့် ပြဋ္ဌာန်းလိုက်သော ဥပဒေများကို ပြည်သူများက သိရှိနားလည်၍ တရားဥပဒေကို လေးစားလိုက်နာစေရန် ဆောင်ရွက်ရပါမည်။ နိုင်ငံတော်အစိုးရသည် ဥပဒေများပြဋ္ဌာန်းနိုင်ရေးအတွက် နယ်ပယ်အသီးသီးမှ ပါဝင်ပတ်သက်သူများ (Stakeholder) နှင့် တိုင်ပင်၍ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊ ဥပဒေများ ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကိုလည်း စနစ်တကျ စိစစ်သုံးသပ်၍ ပြည်သူများသိရှိစေရန် ထုတ်ပြန်ခြင်းနှင့် ပြည်သူများထံမှ အကြံပြုချက်များကိုလည်း ဥပဒေပြုရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်း စဉ်းစားရပါမည်။ နိုင်ငံတော်အစိုးရသည် ဥပဒေများကို ပြောင်းလဲလာသည့် အခြေအနေနှင့် ကိုက်ညီအောင် တိုးတက်ကောင်းမွန်သော ဥပဒေများ ဖြစ်ပေါ်လာရန်အတွက် အချိန်ကာလပေါ်မူတည်၍ ဆွေးနွေးမှုများ ပြုလုပ်ရပါမည်။[16]

၁၉။ ပုဒ်မ ၇၈ အရ နိုင်ငံတော်သည် နိုင်ငံတော်၏ အကြီးအကဲဖြစ်သော ဘုရင်နှင့်အတူ ဒီမိုကရက်တစ်အစိုးရ၏ အုပ်ချုပ်မှုနည်းစနစ်များနှင့် ပတ်သက်ပြီး မှန်ကန်သည့် ဗဟုသုတများ ရရှိနားလည်စေရန် မြှင့်တင်ပေးရပါမည်။

[16] Section 77, Thailand's Constitution of 2017, available from; https://www.constitutionproject.org

၂၀။ ပုဒ်မ ၈၈ အရ ဝန်ကြီးချုပ်ခန့်အပ်ရန်အတွက် အောက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်နိုင်ရန် နိုင်ငံရေးပါတီတစ်ခုသည် ၃ ဦး ထက်မပိုသော ကိုယ်စားလှယ်အမည်စာရင်းကို ရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရပါမည်။ ရွေးကောက်ပွဲကော်မရှင်သည် ထိုအမည်စာရင်းများကို အများပြည်သူသို့ ကြေညာပေးရပါသည်။ ထို့နောက် ပုဒ်မ ၈၇ အရ ကိုက်ညီခြင်းရှိ၊ မရှိ ရွေးကောက်ပွဲကော်မရှင်မှ စိစစ်ရမည်။ ပုဒ်မ ၁၅၉ အရ ဝန်ကြီးချုပ်အမည်စာရင်း တင်သွင်းခွင့်ရှိသော ပါတီသည် လက်ရှိ အောက်လွှတ်တော် ကိုယ်စားလှယ်အရေအတွက်၏ ၅ ရာခိုင်နှုန်းအောက် မနည်းသော ကိုယ်စားလှယ်အရေအတွက် ရရှိထားသည့် ပါတီဖြစ်ရမည်။ အမည်စာရင်း တင်သွင်းခံရသူများသည် ပုဒ်မ ၁၆၀ ပါ အရည်အချင်းများနှင့် ကိုက်ညီသူဖြစ်ရပါမည်။ အမည်စာရင်း တင်သွင်းခံရသည့် ကိုယ်စားလှယ်ကို အောက်လွှတ်တော်တွင် လက်ရှိ ၁၀ ပုံ တစ်ပုံ ထက်မနည်းသော လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံရပါမည်။ အမည်စာရင်းတင်သွင်းခံရသူများအနက် အောက်လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ထောက်ခံမဲရရှိသူကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ရမည်။

၂၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၉ အရ ဒေသဆိုင်ရာအစိုးရများသည် အစိုးရအတွက် ရငွေနှင့် ပတ်သက်၍ စီမံအုပ်ချုပ်မှုစွမ်းရည်၊ ဒေသခံပြည်သူလူထုအရေအတွက်နှင့် ဧရိယာအကျယ်အဝန်း၊ ပြည်သူလူထု၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်တာဝန်နှင့် စီမံခွင့်အာဏာများရှိပါသည်။ ပုဒ်မ ၂၅၀ အရ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုအားလုံးသည် ဒေသဆိုင်ရာအစိုးရမှ ရရှိမည့် အခွန်ငွေအပေါ် မူတည်ပါသည်။ နိုင်ငံတော်ကလည်း ဒေသဆိုင်ရာအစိုးရကို ကူညီထောက်ပံ့မှုများ ခွဲဝေချထားပါသည်။ ဗဟိုအစိုးရကလည်း လိုအပ်လျှင် ငွေကြေးထောက်ပံ့ပေးရပါမည်။ ဒေသဆိုင်ရာ အစိုးရများသည် အုပ်ချုပ်မှု၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှု၊ ပညာရေးမြှင့်တင်မှု၊ ဘတ်ဂျက်စီမံပိုင်ခွင့်၊ လာဘ်ပေးလာဘ်ယူမှု ကာကွယ်မှု၊ ပြည်သူ့ဘဏ္ဍာငွေကို အကျိုးရှိစွာ သုံးစွဲနိုင်မှု၊ ဒေသဆိုင်ရာ ပြည်သူလူထုနှင့် နိုင်ငံတော်၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပါသည်။ ပဋိပက္ခများ မဖြစ်ပွားစေရန် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းနိုင်ပါသည်။

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၁ အရ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ မိမိဒေသအတွင်း အရည်အသွေးပေါ်မူတည်၍ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ပါသည်။ ပုဒ်မ ၂၅၂ အရ ဒေသဆိုင်ရာ ကောင်စီအဖွဲ့ဝင်များကို ဒေသဆိုင်ရာ ပြည်သူများက ရွေးကောက်တင်မြှောက်ပါသည်။။ ပုဒ်မ ၂၅၃ အရ ဒေသဆိုင်ရာ အစိုးရ၊ ကောင်စီ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရပါသည်။ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ ပြည်သူအားလုံး ပါဝင်နိုင်အောင် ဆောင်ရွက်ရပါမည်။ ပုဒ်မ ၂၅၄ တွင် မဲဆန္ဒရှင်များသည် မိမိတို့ ရွေးချယ်တင်မြှောက်ထားသော အုပ်ချုပ်မှုအဖွဲ့၊ ကောင်စီများကို ပြန်လည်ဖြုတ်ချခွင့်ရှိပါသည်။

၂၃။ ပုဒ်မ ၂၅၇ အရ ဘုရင်ကို အကြီးအကဲအဖြစ် သတ်မှတ်ပါသည်။ ပြည်သူလူထုက ဘုရင်ကို အကြီးအကဲအဖြစ် သတ်မှတ်ခြင်းကို နားလည်သဘောပေါက်ရပြီး ပြည်သူလူထု အားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရပါမည်။ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ သွေးစည်း ညီညွတ်မှုရှိစေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ပြည့်စုံကုံလုံသော စီးပွားရေးအခြေအနေ ရရှိရန်ဖြစ်ပါသည်။ မညီမျှမှုများကိုလည်း လျှော့ချရန်ရည်ရွယ်ပါသည်။ နိုင်ငံအကြီးအကဲ ဘုရင်နှင့် ဒီမိုကရက်တစ် အစိုးရတို့၏ လက်အောက်တွင် လူမှုဘဝအဆင့်အတန်း မြင့်မားလာရန် ရည်ရွယ်၍ နယ်ပယ်များ ခွဲခြားဆောင်ရွက်ရန်ဖြစ်ပါသည်။

၂၄။ ပုဒ်မ ၂၅၈ အရ နိုင်ငံ၏ အုပ်ချုပ်မှုကဏ္ဍများကို လေ့လာစောင့်ကြည့်၍ လွတ်လပ်စွာ မဲပေးခွင့်နှင့် လွတ်လပ်စွာ လူထုဆန္ဒဖော်ထုတ်ပါဝင်ခွင့်များတွင် မည်သည့်လွှမ်းမိုးမှုမှ မရှိစေရပါ။ နိုင်ငံရေးပါတီလှုပ်ရှားမှုများကို ပွင့်လင်းမြင်သာစွာ လှုပ်ရှားခွင့်ရှိပါသည်။ နိုင်ငံရေး ပါတီဝင်များသည် အတွေ့အကြုံ ဗဟုသုတ၊ စွမ်းဆောင်ရည်၊ ဂုဏ်သိက္ခာ ကျင့်ဝတ်ကောင်းများ ရှိရန်လိုအပ်ပါသည်။ နိုင်ငံရေးပါတီများသည် မူဝါဒများ ချမှတ်ရာတွင် ပြည်သူလူထုအပေါ် ဂယက်ရိုက်ခတ်မှု ရှိ/ မရှိ၊ ထိရောက်သည့် ကုန်ကျစရိတ်ဖြစ်၊ မဖြစ် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အနေအထားနှင့် ပတ်သက်၍ စိစစ်ပိုင်းခြားနိုင်စွမ်းရှိရပါမည်။ ဂုဏ်သိက္ခာရှိရှိဖြင့် တာဝန်ဝတ္တရားများကို ပြည်သူ့အပေါ် တာဝန်ခံ ဆောင်ရွက်ရပါမည်။ နိုင်ငံရေးပဋိပက္ခများကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းရပါမည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို နိုင်ငံရေး၊ နိုင်ငံရေးရာစီမံအုပ်ချုပ်မှု၊ ဥပဒေရေးရာ၊ တရားစီရင်ရေးလုပ်ငန်းစဉ်၊ စီးပွားရေး၊ ပညာရေးနှင့် အခြားကဏ္ဍတို့အလိုက် ခွဲခြားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံရေးတွင် ပြည်သူလူထု၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုဖြင့်အစိုးရ၏ အာဏာအရပ်ရပ်ကို လေ့လာစောင့်ကြည့် သုံးသပ်ရန်၊ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု ပိုမိုအားကောင်းရန်၊ နိုင်ငံရေးပါတီများ၏ တာဝန်ခံမှုကို စိစစ်ဆုံးဖြတ်နိုင်မည့်စနစ် (သက်ရောက်မှု၊ ကုန်ကျမှု၊ ထိရောက်မှု အတိုင်းအတာနှင့် အန္တရာယ်ဖြစ် တန်စွမ်းများ ဆန်းစစ်ခြင်း) ၊ နိုင်ငံရေးအာဏာ ရယူသူများ၏ ကိုယ်ကျင့်သိက္ခာ၊ နိုင်ငံရေး ပဋိပက္ခများ ကို ငြိမ်းချမ်းစွာဖြေရှင်းရန် စသည့်အချက်များသည် ယခုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အချက်များဖြစ်ပါသည်။

## အခန်း (၄)
## ထိုင်းနိုင်ငံ၏ ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲ

၂၅။ ရွေးကောက်ပွဲဆိုသည်မှာ ရာထူး၊ ဌာနတစ်ခုခုတွင် တာဝန်ယူထမ်းဆောင်မည့် ခေါင်းဆောင် သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးအား ရွေးချယ်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်များ၊ အုပ်ချုပ်သူများကို ရွေးချယ်ရန်အတွက် တစ်ကမ္ဘာလုံးတွင် ရွေးကောက်ပွဲသည်သာ တစ်ခုတည်းသော လက်ခံနိုင်ဖွယ်ရှိသည့် နည်းလမ်းဖြစ်လာသည်။ ရွေးကောက်ပွဲများမှာ ပုံစံအမျိုးမျိုးရှိနိုင်သော်လည်း အများအားဖြင့် ဒီမိုကရေစီစံချိန်စံညွှန်း သတ်မှတ်ရာ၌ အရေးပါသော ကဏ္ဍတစ်ခုအဖြစ် သတ်မှတ် ထားကြသည်။ အထူးသဖြင့် ရွေးကောက်ပွဲသည် ဒီမိုကရေစီဖြစ်စဉ်နှင့် ဆက်စပ်နေလေ့ရှိသည်။[17]

၂၆။ ၂၀၁၉ ခုနှစ်၊ ထိုင်းနိုင်ငံရွေးကောက်ပွဲသည် ၂၀၁၄ ခုနှစ်တွင် စစ်တပ်မှ အာဏာ သိမ်းယူပြီးနောက် စစ်အစိုးရအနေနှင့် အရပ်သား အစိုးရတစ်ရပ်အဖြစ် အသွင်ကူးပြောင်းရာတွင် လွယ်ကူချောမွေ့စေရန် စည်းမျဉ်းစည်းကမ်း အသစ်များချမှတ်ပြီး ပထမဆုံးကျင်းပသည့် ရွေးကောက်ပွဲ ဖြစ်ပါသည်။ [18]

၂၇။ ထိုင်းနိုင်ငံ၌ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၅၁.၄ သန်းရှိသည်။ ၎င်းတို့အနက် ၇ သန်းသည် ယခုမှ အသက် ၁၈ နှစ်ပြည့်ပြီး ပထမဆုံးအကြိမ်မဲပေးသူများ ဖြစ်ပါသည်။[19]

၂၈။ အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၅၀၀ အနက် ၃၅၀ ဦးကို မဲဆန္ဒနယ်မြေများအပေါ် အခြေခံ၍ ရွေးကောက်တင်မြှောက်သော အနိုင်ရသူအကုန်ယူစနစ် (First Past The Post- FPTP) စနစ်ဖြင့် ရွေးချယ်ပြီး ကျန် ကိုယ်စားလှယ် ၁၅၀ ဦးကို ပါတီအပေါ်မူတည်၍ ရွေးချယ်သည့် အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation) စနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။[20]

၂၉။ အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံသူသည် အသက် ၂၅ နှစ်ပြည့်ပြီးသည့် ထိုင်းနိုင်ငံသားဖြစ်ရမည်။ နိုင်ငံရေးပါတီတစ်ခုခုတွင်လည်း အဖွဲ့ဝင်ဖြစ်ရမည်။[21]

---

[17] https://merin.org.mm/mm/news/13795

[18] ကျော်ကျော်သိန်း၊ ထိုင်းနိုင်ငံရွေးကောက်ပွဲ အာဏာသိမ်းဗိုလ်ချုပ်ဟောင်းပါတီရှေ့ပြေး၊ https://burmese.voanews.com/a/ thailand –election–preliminary/4846850.html [viewed 3–6–2019]

[19] ၂၀၁၉ ထိုင်းရွေးကောက်ပွဲ– သိသင့်တဲ့ အချက် ၅ ချက်၊ ၁၈–၃–၂၀၁၉၊ available from: https://www.bbc.com/ burmese/world–47576643 [viewed 4–6–2019]

[20] Election Guide, Democracy Assistant & Elections News,available from; www.electionguide.org [viewed 12–7–2019]

[21] Section 97, Thailand's Constitution of 2017, available from; https://www.constitutionproject.org

၃၀။ အထက်လွှတ်တော်ကိုယ်စားလှယ် ၂၅၀ ဦးကို NCPO က ရွေးချယ်မည်ဖြစ်သည်။ အထက်လွှတ်တော် ကိုယ်စားလှယ် ၂၅၀ ဦးကို အောက်ပါအတိုင်းရွေးချယ်ပါသည်–

(က) လျှောက်ထားသူ ၄၀၀ ဦး၏ အမည်စာရင်းကို ရွေးချယ်ရေးအဖွဲ့ဝင် ၁၂ ဦး ပါဝင်သည့် အထက်လွှတ်တော် ရွေးကောက်ပွဲ ကော်မရှင်က NCPO သို့တင်ပြရမည်။ အဆိုပါ ၄၀၀ ဦးအနက်မှ **၁၉၄ ဦး**ကို NCPO မှ ရွေးချယ်ပါသည်။

(ခ) အသက်မွေးဝမ်းကြောင်း နယ်ပယ် ၁၀ ခုမှ ရွေးချယ်မည့် ကျန် ၅၀ ဦးတွင် ဗျူရိုကရက်များ၊ ကျောင်းဆရာများ၊ တရားသူကြီးများ၊ လယ်သမားများ၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ SME သမားများ၊ အနုပညာသမား၊ မီဒီယာ၊ အမျိုးသမီး၊ တိုင်းရင်းသား၊ မသန်စွမ်း စသည့် အစုအဖွဲ့များ ပါဝင်ပါသည်။ အဆိုပါ အစုအဖွဲ့များသည် အစုအဖွဲ့ အလိုက် အမည်များ အဆိုပြုရမည်။ အချို့အစုအဖွဲ့များတွင် မဲပေးရွေးချယ်မှုများ ရှိသည်။ အစုအဖွဲ့များမှ အဆိုပြုသည့် ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ဦးအနက်မှ **၅၀ ဦး**ကို NCPO မှ ရွေးချယ်ပါသည်။

(ဂ) ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များနှင့် ရဲချုပ် ၁ ဦးစီ၊ စုစုပေါင်း **၆ ဦး**ကို ဘုရင်၏ အတည်ပြုချက်ဖြင့် ခန့်အပ်ပါသည်။

၃၁။ အထက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံသူသည် အသက် ၄၀ နှစ်ပြည့်ပြီးသည့် ထိုင်းနိုင်ငံသား ဖြစ်ရမည်။ သက်ဆိုင်ရာ နယ်ပယ်အလိုက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၁၀ နှစ် ရှိသူဖြစ်ရမည်။[22]

**မဲပေးစနစ်**

၃၂။ ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် ဆန္ဒအလျောက် မဲပေးသည့်စနစ် (Voluntary) ကို ကျင့်သုံးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မဲမပေးမနေရစနစ် (Compulsory) ကို ကျင့်သုံးသည်။ ထိုင်းနိုင်ငံ၏ မဲပေး စနစ်မှာ မဲမပေးမနေရ (Compulsory) ဖြစ်သည်။ ထိုင်းနိုင်ငံ၌ မဲမပေးသူသည် အစိုးရသက်တမ်းကာလ အတွင်း တိုင်ကြားရန်နှင့် ပြောဆိုရန်အခွင့်အရေးမရှိပါ။ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမည်ဖြစ် သည်။ ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၅၁ သန်းအနက် ၈၀ ရာခိုင်နှုန်း မဲပေးခဲ့ ကြသည်။[23]

[22] Section 108, Thailand's Constitution of 2017, available from; https://www.constitutionproject.org

[23] အောင်သူငြိမ်း၊ ထိုင်းနိုင်ငံ ရွေးကောက်ပွဲ နောက်ဆက်တွဲနှင့် သိကောင်းစရာများ၊ available from; https://burmese.dvb.no [viewed 9–7–2019]

## မဲပေးသူအရည်အချင်း

၃၃။ ထိုင်းနိုင်ငံ၏ရွေးကောက်ပွဲများတွင် နိုင်ငံတွင်းရှိ နိုင်ငံသားအားလုံးသည် မဲပေးရန် အခွင့်အရေး ရှိသည်။ သို့သော်လည်း ကန့်သတ်ချက် အချို့ထားရှိပါသည်။ မဲပေးသူသည် ထိုင်းနိုင်ငံသား ဖြစ်ရမည်။ အကယ်၍ ထိုင်းနိုင်ငံတွင် မွေးဖွားသူ မဟုတ်ပါက နိုင်ငံသားအဖြစ်ခံယူပြီး (၅) နှစ်ရှိသူ ဖြစ်ရမည်။ မဲပေးရမည့်သူသည် ရွေးကောက်ပွဲ မကျင်းပမီ အသက် (၁၈) နှစ်ပြည့် ပြီးသူဖြစ်ရမည် ဖြစ်သည်။ မဲပေးရမည့်မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း (၉၀) အတွင်း မှတ်ပုံတင်ပြီး သူလည်း ဖြစ်ရမည်ဖြစ်သည်။[24]

၃၄။ ရွေးကောက်ပွဲများတွင် သံဃာတော်များ၊ ခရစ်ယာန် ဘုန်းတော်ကြီးများ၊ မဲပေးခွင့် ရပ်ဆိုင်းခံထားရသူများ၊ တရားရုံးအမိန့်ဖြင့် ထိန်းသိမ်းခံထားရသူများ၊ စိတ်ပေါ့သွပ်သူများအား မဲပေးခွင့် တားမြစ်ထားသည်။[25]

၃၅။ ဝန်ကြီးချုပ်ရာထူးနေရာအတွက် လျာထားခံရသူသည် ထောက်ခံမဲ ၃၇၆ မဲ ရရှိရန်လိုအပ်သည်။[26] ဝန်ကြီးချုပ်အသစ်ကို လွှတ်တော်နှစ်ရပ်လုံးက ရွေးချယ်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ်အသစ်သည် တပ်မတော်ဘက်မှဖြစ်ပါက ထောက်ခံမဲ ၁၂၆ မဲ (တပ်မတော်မှ ဆန္ဒမဲ ၂၅၀ အလိုအလျောက်ရပြီး) လိုအပ်ပြီး အခြားနိုင်ငံရေးပါတီမှ ဖြစ်ပါက ထောက်ခံမဲ ၃၇၆ မဲ အပြည့်အဝ လိုအပ်ပါသည်။ [27]




Source: Election Commission

[24] Section 95, Thailand's Constitution of 2017, available from; https://www.constitutionproject.org

[25] Section 96, Thailand's Constitution of 2017, available from; https://www.constitutionproject.org

[26] ကိုရင်သြ၊ အသည်းကြားမှမဲတစ်ပြားမောင်းထိုင်းသားတို့ဆုံးဖြတ်ချိန်၊ ကြေးမုံသတင်းစာ၊ ၃၁-၃-၂၀၁၉၊ စာ-၁၀။

[27] အေအေက်ဖ်ပီ၊ ထိုင်းရွေးကောက်ပွဲ မတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပြည်သူများ မဲပေးရန် စိတ်အားထက်သန်၊ မြန်မာ့အလင်း၊ ၂၂-၃-၂၀၁၉၊ စာ-၁၄။

၃၆။ ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲတွင် ပါတီ ၁၀၆ ပါတီမှ ကိုယ်စားလှယ်လောင်း ၁၄,၀၀၀ ဦးသည် အောက်လွှတ်တော် ကိုယ်စားလှယ်နေရာ ၅၀၀ အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီများထဲမှ ပါတီ ၁၀ ခုသည် အခြား ပါတီများထက် ပိုမိုထင်ရှားသည့် ပါတီများဖြစ်ပါသည်။[28]

## ၂၀၁၉ ခုနှစ်၊ ရွေးကောက်ပွဲရလဒ်များ

၃၇။ ထိုင်းနိုင်ငံ၏ရွေးကောက်ပွဲရလဒ်များအရ မည်သည့်ပါတီမျှ နေရာအများစုကို မရရှိခဲ့ပါ။ အောက်လွှတ်တော်ကိုယ်စားလှယ် ၃၅၀ ဦးအနက် ၁၃၆ ဦးကို ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို ထောက်ခံသည့် ဖြူထိုင်းပါတီ (Pheu Thai Party) က ရရှိခဲ့သည်။ ၉၇ ဦးကို စစ်တပ်က ကျောထောက်နောက်ခံပေးထားသော ပလန်ပရာချာရတ်ပါတီ (Palang Pracharath Party) က ရရှိခဲ့သည်။ ကျန် ၁၁၇ ဦး ကို ပါတီ (၇၃) ခု က ရရှိခဲ့ပါသည်။ အချိုးကျချထား ပေးသော ကိုယ်စားလှယ် ၁၅၀ ဦးအတွက် ပလန်ပရာချာရတ်ပါတီ (Palang Pracharath Party) က ၁၈ ဦးရရှိခဲ့သည်။[29]

## ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲအပြီး ဆောင်ရွက်ချက်များ

၃၈။ ရွေးကောက်ပွဲအပြီး မေလ ၂၄ ရက်တွင် ဘုရင်က လွှတ်တော်အဖွင့်နေ့တွင် သဘာပတိ အဖြစ်ဆောင်ရွက်ခဲ့သည်။ လွှတ်တော်ဖွင့်ပွဲသို့ ထိုင်းနိုင်ငံ မိဖုရား၊ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ၊ NCPO အဖွဲ့ဝင်များနှင့် အောက်လွှတ်တော်ကိုယ်စားလှယ် ၄၉၈ ဦး၊ အထက်လွှတ်တော် ကိုယ်စားလှယ် ၂၅၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။[30]

၃၉။ ထိုင်းလွှတ်တော်အစည်းအဝေးကို ဇွန်လ ၅ ရက်နေ့တွင် ၁၀၀၀နာရီမှ ၂၁၀၀နာရီထိ ကျင်းပ ခဲ့သည်။ အထွေထွေရွေးကောက်ပွဲအပြီး ဝန်ကြီးချုပ်ကို အထက်လွှတ်တော် ကိုယ်စားလှယ် ၂၅၀ ဦး၊ အောက်လွှတ်တော်ကိုယ်စားလှယ် ၅၀၀ ဦးတို့၏ ဆန္ဒမဲအရ ရွေးချယ်ခဲ့ပါသည်။

၄၀။ ရွေးကောက်ခံ ဝန်ကြီးချုပ်လောင်းနှစ်ဦးမှာ ပလန်ပရာချာရတ်ပါတီ(Palang Pracharath Party) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာနှင့် အနာခုတ်မိုင် (Anakhot Mai) အနာဂတ်သစ်ပါတီဥက္ကဋ္ဌ နိုင်းထနားထွဏ်းကျင်ရုန်ရိုန်းကစ်တို့ ဖြစ်ပါသည်။

---

[28] ၂၀၁၉ ထိုင်းရွေးကောက်ပွဲ- သိသင့်တဲ့ အချက် ၅ ချက်၊ ၁၈-၃-၂၀၁၉၊ available from: https://www.bbc.com/burmese/world-47576643 [viewed 4-6-2019]

[29] အေပီ၊ ထိုင်းစစ်အာဏာသိမ်းမှုနောက်ပိုင်းပထမဆုံးရွေးကောက်ပွဲတရားဝင်ရလဒ်များကြေညာ၊ မြန်မာတိုင်းမ်နေ့စဉ်သတင်းစာ၊ available from: https://myanmar.mmtimes.com/news/122980.html [viewed 5-6-2019]

[30] http://xinhuamyanmar.com/asean/politics-security/22879-2019-05-25-08-05-03 [viewed 12-6-2019]

၄၁။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ သဘောထားနှင့် ဆန္ဒမဲပေးရာတွင် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ထောက်ခံဆန္ဒမဲ ၅၀၀ မဲ ရရှိပြီး နိုင်းထနားထွဏ်းကျောင်ရုန့်ရိုန်းကစ်က ထောက်ခံဆန္ဒမဲ ၂၄၄ မဲသာ ရရှိခဲ့သည့်အတွက် ထိုင်းနိုင်ငံဝန်ကြီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ရွေးချယ်ခံခဲ့ရပါသည်။[31]

၄၂။ ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းသည် ထိုင်းဝန်ကြီးချုပ်အဖြစ် ပရာယွတ်ချန်အိုချာကို တရားဝင်ခန့်အပ်သည့် တော်ဝင်အမိန့်ကို ၁၁-၆-၂၀၁၉ ရက် တွင် ထုတ်ပြန်ကြေညာခဲ့သည်။ နန်းတော်မှ တော်ဝင်ကြေညာချက် ထုတ်ပြန်ပြီးနောက် ပရာယွတ်က ပြည်သူများ၏ ဆန္ဒဖြစ်သည့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အသံကို နားထောင်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် မညီမျှမှုများကို လျှော့ချကာ ပြည်သူများ၏ လူမှုစီးပွား အတွက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။[32]

## အခန်း (၅)

## ထိုင်းနိုင်ငံဘုရင်၊ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌများ၏ ကိုယ်ရေးအကျဉ်း

### ထိုင်းနိုင်ငံဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ကိုယ်ရေးအကျဉ်း



၄၃။ လက်ရှိထိုင်းနိုင်ငံ၏ ဘုရင်မှာ မဟာဗာဂျီရာလောင်ကွန်း သို့မဟုတ် ဒသမမြောက် ရာမမင်းဖြစ်ပြီး ၎င်း၏ဖခင်မှာ ဘူမိဘော အဒူလျာဒက် (နဝမမြောက်ရာမမင်း) ဖြစ်ပါသည်။ ၎င်းသည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်တွင် ဘုရင်အဖြစ်တရားဝင်ဆက်ခံခဲ့ပါသည်။ နိုင်ငံ၏ အကြီးအကဲအနေဖြင့် ဘုရင်အား အခွင့်အာဏာ အချို့ပေးအပ်ထားပြီး အစိုးရ၏ လုပ်ဆောင်မှုများတွင် အချို့နေရာများ၌ ပါဝင်ဆောင်ရွက်ခွင့် ရသည်။

၄၄။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘုရင်သည် ထိုင်းတော်ဝင်တပ်မတော်၏ ခေါင်းဆောင်ဖြစ်သည်။ ဘုရင်သည် ဗုဒ္ဓဘာသာဖြစ်ရန်လိုအပ်ပြီး နိုင်ငံအတွင်းရှိ အခြားယုံကြည်ကိုးကွယ်မှုများကိုလည်း ကာကွယ်ပေးမည့်သူဖြစ်သည်။ ဘုရင်အနေဖြင့် အရိုက်အရာဆက်ခံမည့်သူအား ရွေးချယ်ခန့်အပ်ခြင်း၊ အသနားခံမှုများကို ခွင့်ပြုပေးခြင်းနှင့် ဥပဒေများကို အတည်ပြုပေးခြင်းများ ပြုလုပ်ခွင့်ရှိသည်။ ဘုရင်၏တာဝန်ထမ်းဆောင်မှုကို ထိုင်းပရိုင်ဗီ ကောင်စီ (Privy Council) ကကူညီပေးသည်။

---

[31] ထိုင်းဝန်ကြီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီး ပရာယွတ် ရွေးချယ်ခံရ၊ available from; http://www.usdp.org.mm/2019 [viewed 9–7–2019]

[32] ဆင်ဟွာ၊ ဗန်ကောက်ပို့စ်၊ ထိုင်းဘုရင်က ပရာယွတ်ချန်အိုချာကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည့် တော်ဝင်အမိန့်ထုတ်ပြန်၊ မြန်မာ့အလင်း၊ စာ– ၁၄။

## ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာ၏ ကိုယ်ရေးအကျဉ်း



၄၅။ ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာအား ၁၉၅၄ ခုနှစ် မတ်လ ၂၁ ရက်တွင် ထိုင်းနိုင်ငံ နာခွန်းရတ်ချစီမာပြည်နယ်၌ မွေးဖွားခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာသည် ချူလာချွမ်ကလောင်း တော်ဝင် စစ်တက္ကသိုလ် အပတ်စဉ် (၂၃) မှ ၁၉၇၆ ခုနှစ်တွင်သိပ္ပံဘွဲ့ ရရှိခဲ့ပြီး ခြေလျင်တပ်အရာရှိ အခြေခံသင်တန်းကို ၁၉၇၆ ခုနှစ်တွင် လည်းကောင်း၊ အဆင့်မြင့်သင်တန်းကို ၁၉၈၁ ခုနှစ်တွင် လည်းကောင်း တက်ရောက်အောင်မြင်ခဲ့သည်။ ထို့ပြင် စစ်ဦးစီးအရာရှိတက္ကသိုလ်သို့ ၁၉၈၅ ခုနှစ်တွင် လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သို့ ၂၀၀၇ ခုနှစ်တွင် လည်းကောင်း အသီးသီး တက်ရောက်အောင်မြင်ခဲ့ ပါသည်။

၄၆။ ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာသည် ဘုရင်မကိုယ်ရံတော်တပ်ဖွဲ့၌ အမှတ်(၂၁) ခြေလျင်တပ်ရင်းကြီး၏ ဒုတိယခြေလျင်တပ်ရင်း၌ တပ်ရင်းမှူးအဖြစ် ၁၉၉၀ ခုနှစ်တွင် လည်းကောင်း၊ အမှတ်(၂၁) ခြေလျင်တပ်ရင်းကြီး၏ တပ်ရင်းမှူးအဖြစ် ၁၉၉၈ ခုနှစ်တွင် လည်းကောင်း၊ အမှတ်(၂) ခြေလျင်တပ်မ၏ တပ်မမှူးအဖြစ် ၂၀၀၃ ခုနှစ်တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် အမှတ်(၁) စစ်တိုင်းကြီး၏ တိုင်းမှူးအဖြစ် ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ ထိုင်းဘုရင်တပ်မတော်ကြည်းတပ်၏ စစ်ဦးစီးအရာရှိချုပ်အဖြစ် ၂၀၀၈ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယကြည်းတပ် ဦးစီးချုပ်အဖြစ် ၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊ ကြည်းတပ်ဦးစီးချုပ်အဖြစ် ၂၀၁၀ ခုနှစ်တွင် လည်းကောင်း၊ အမျိုးသားငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး ကောင်စီအကြီးအကဲအဖြစ် ၂၀၁၄ ခုနှစ် မေလ ၂၂ ရက်နေ့မှ စတင်၍ လည်းကောင်း အသီးသီးတာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာသည် ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ယခုဒုတိယအကြိမ်အဖြစ် ထပ်မံအရွေးခံရခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာသည် တွဲဖက်ပါမောက္ခတစ်ဦးဖြစ်သူ နာရာပွန်ချန်အိုချာနှင့် လက်ထပ်ခဲ့ပြီး သမီး နှစ်ဦးရှိပါသည်။[33]

[33] https://www.moi.gov.mm/npe:zg/?q=news/9/10/2014/id-14405 [viewed 12-6-2.19]

## ထိုင်းဥပဒေပြုလွှတ်တော်နာယက၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Chuan Leekpai



၄၇။ H.E.Chuan Leekpai ကို ၁၉၃၈ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် ဖခင် Niyon Leekpai နှင့် မိခင် Tuan Leekpai တို့မှ ထရန်ဒေသ၌ မွေးဖွားခဲ့ပါသည်။ မွေးချင်း ၉ ဦးအနက် တတိယမြောက်သားဖြစ်သည်။[34]

၄၈။ ကျောင်းဆရာတစ်ဦး၏ သားဖြစ်သော Chuan သည် ရှေ့နေတစ်ဦး ဖြစ်ပြီးနောက်ပိုင်းတွင် နိုင်ငံရေးလောကထဲသို့ ဝင်ရောက်ခဲ့သည်။ ဒီမိုကရက်ပါတီသို့ ဝင်ရောက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ၁၉၆၉ ခုနှစ်တွင် ပထမဆုံး ရွေးကောက် တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၎င်းသည် အစိုးရအဖွဲ့တွင်လည်း အမျိုးမျိုးသော အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ် ရွေးကောက်ပွဲများတွင် ရှုံးနိမ့်ခဲ့သော်လည်း ၁၉၉၇ ခုနှစ်တွင် ပြန်လည်အနိုင်ရရှိခဲ့သည်။ စစ်ဘက်ဆိုင်ရာ ကျောထောက် နောက်ခံ မရှိသော်လည်း ထိုင်းနိုင်ငံ၏ ပထမဦးဆုံးသော ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဒီမိုကရက်ပါတီ၏ ခေါင်းဆောင် ရာထူးမှ နှုတ်ထွက်ခဲ့သည်။

၄၉။ H.E.Chuan Leekpai သည် ထိုင်းနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၁၉၉၂ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်မှ ၁၉၉၅ ခုနှစ်၊ မေလ ၁၉ ရက်ထိ လည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်မှ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ အထိ လည်းကောင်း ထိုင်းဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

## ထိုင်းဥပဒေပြုလွှတ်တော်ဒုတိယနာယက၊ အထက်လွှတ်တော်ဥက္ကဋ္ဌ Pornpetch Wichitcholchai



၅၀။ Pornpetch Wichitcholchai ကို ၁၉၄၈ ခုနှစ်၊ သြဂုတ်လ ၁ ရက် တွင်မွေးဖွားခဲ့ပြီး ရှေ့နေတစ်ဦး ဖြစ်ပါသည်။ ထိုင်းနိုင်ငံ ချူလာလောင်ကွန်း တက္ကသိုလ်မှ ဥပဒေဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ မဟာဥပဒေဘွဲ့ ရရှိခဲ့ပါသည်။ ၎င်းသည် ပြည်နယ်ကောင်စီတွင် ဥပဒေအရာရှိ အဖြစ် စတင်တာဝန် ထမ်းဆောင်ခဲ့ပါသည်။ တက္ကသိုလ်များစွာရှိ ဥပဒေပညာဌာနများ၌ ပါမောက္ခအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အာဆီယံဥပဒေရေးရာ အဖွဲ့အစည်း၏ အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ် အရေးပါသည့် အခန်းကဏ္ဍမှ ၁၉၈၇ ခုနှစ်မှ စတင်၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။[35]

[34] https://www.britannica.com/biography/Chuan-Leelpi [viewed: 12-6-2019]
[35] https://www.britannica.com/biography/ Pornpetch Wichitcholchai [viewed: 12-6-2019]

**နိဂုံး**

၅၁။ ထိုင်းနိုင်ငံအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများနှင့် ဆီလျော်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

## သတိပြုရန် အချက်များ

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီနောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲအား လာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်-


သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲ

ဇမ္ဗူသီရိဆောင် - ပထမထပ်
တယ်လီဖုန်း - ၀၆၇-၃၉၁၂၇၆
၀၆၇-၃၉၁၄၁၇

dd.research@pds.hluttaw.net